ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း ၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၅ ၊ အမှတ် ၅ | ၂၀၂၀ ခုနှစ် ၊ မတ်လ ၁ ရက်

## World Bank မှ Customs Modernization, Proposed Component in Private Sector, Growth & Competitiveness (WB-IDA Lending) နှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆုံဆွေးနွေးခြင်း



၂၀၂၀ ပြည့်နှစ် ၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့ နံနက် (၀၉:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ အစည်းအဝေးခန်းမ (၁) ၌ World Bank မှ တာဝန်ရှိပုဂ္ဂိုလ်များ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲသည် World Bank မှ Customs Modernization, Proposed Component in Private Sector, Growth & Competitiveness (WB-IDA Lending) ပရောဂျက်နှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်အား လာရောက်ရှင်းလင်းဆွေးနွေးရန် ရည်ရွယ်ခြင်းဖြစ်ပြီး အဆိုပါဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊ ညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် World Bank မှ တာဝန်ရှိ ပုဂ္ဂိုလ်များ စုစုပေါင်း ၂၂ ဦးတက်ရောက်ခဲ့ပါသည်။

Scanned with CamScanner

# အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ကော်မတီအောက်ရှိ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကျင်းပခြင်း




၂၀၂၀ ပြည့်နှစ် ၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ ဇေယျာသီဟခန်းမ၌ အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ကော်မတီအောက်ရှိ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကျင်းပခဲ့ပါသည်။

အစည်းအဝေးအား Risk Management Working Group တွင် ပါဝင်သော အဖွဲ့ဝင်ဌာနများ ၊ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ရန်ကျန်ရှိသည့် အစည်းအဝေးဆုံးဖြတ်ချက်များကို ဆက်လက်ဆောင်ရွက်ရန်နှင့် စတုတ္ထအကြိမ်မြောက် NCTF အစည်းအဝေးတွင် ချမှတ်ခဲ့သော အစည်းအဝေးဆုံးဖြတ်ချက်များအနက် Risk Management Working Group နှင့်သက်ဆိုင်သည့် အစည်းအဝေးဆုံးဖြတ်ချက်များအားအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အခြားသက်ဆိုင်ရာဌာနများမှ အရာထမ်းများ စုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့ပါသည်။

Scanned with CamScanner

# ဦးစီးအရာရှိရာထူး မှ လက်ထောက်ညွှန်ကြားရေးမှူးရာထူးသို့ တိုးမြှင့်ရေး စာမေးပွဲကျင်းပခြင်း




ဦးစီးအရာရှိရာထူး မှ လက်ထောက်ညွှန်ကြားရေးမှူးရာထူးသို့ တိုးမြှင့်ရေး စာမေးပွဲအား ၂၀၂၀ ပြည့်နှစ် ၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့ မှ (၂၆) ရက်နေ့အထိ ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဦးစီးအရာရှိ စုစုပေါင်း ၇၅ ဦး ဖြေဆိုခဲ့ပါသည်။

Scanned with CamScanner

# အကောက်ခွန်မှူးရာထူး မှ ဦးစီးအရာရှိရာထူးသို့ တိုးမြှင့်ရေး စာမေးပွဲကျင်းပခြင်း




အကောက်ခွန်မှူးရာထူး မှ ဦးစီးအရာရှိရာထူးသို့ တိုးမြှင့်ရေးစာမေးပွဲအား ၂၀၂၀ ပြည့်နှစ် ၊ ဖေဖော်ဝါရီလ (၂၉) ရက်နေ့ မှ မတ်လ (၃) ရက်နေ့အထိ ရန်ကုန်မြို့ ၊ အမျိုးသား စီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်၌ ကျင်းပပြုလုပ်ခဲ့ရာ အကောက်ခွန်မှူး စုစုပေါင်း ၁၆၂ ဦး ဖြေဆိုခဲ့ပါသည်။


Scanned with CamScanner

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ၁၃၅၆.၉၀၅ သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ (၁) ရက်နေ့ မှ (၂၉) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ ၁၂၉ မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် ၁၃၅၆.၉၀၅ သန်းခန့်ဖြစ် ပါသည်။

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးမှု







ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု ၂၅ မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် ၂၃၇.၇၂၅ သန်းရှိသည့်အနက် ၁၈-၂-၂၀၂၀ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ Myawaddy Golden Hill Co., Ltd မှ တင်သွင်းခဲ့သော Raw Material For Cigarette Tobaco (Cut Filler Semi Finished) 20160 Kg အား အရည်အသွေးပြည့်မီခြင်းမရှိသောကြောင့် ပိုင်ရှင်မှစွန့်လွှတ်သဖြင့် ခန့်မှန်းတန်ဖိုးကျပ် ၂၁ သန်းအားတားဆီးခဲ့ပါသည်။

Scanned with CamScanner

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် ၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ၁၃၅၆.၉၀၅ သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေ တားဆီး/ဖမ်းဆီးမှု




နယ်မြေတားဆီးမှုအနေဖြင့် ၁၈၁ မှုရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာကျပ် ၁၁၁၉.၈၆၁ သန်း ရှိသည့်အနက် ၁၀-၂-၂၀၂၀ ရက်နေ့၌ (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန် စစ်ဆေးရေးအဖွဲ့မှ ကင်းလှည့်စစ်ဆေးစဉ် မန္တလေး-ပြင်ဦးလွင် ကားလမ်းမိုင်တိုင်အမှတ် (၁၆/၃) မိုင်ခန့်တွင် စုပုံထားသည့် တရားမဝင် Mian Xin Beer (1x24 Cans) 100 Boxes ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၁.၂ သန်းအား စစ်ဆေးတွေ့ရှိ၍တားဆီးခဲ့ပါသည်။

Scanned with CamScanner

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ၁၃၅၆.၉၀၅ သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားတားဆီး/ဖမ်းဆီးမှု**






ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၃-၂-၂၀၂၀ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီးပေါ်တွင် တရားမဝင်သယ်ဆောင်လာသော Ammonium Nitrate ဟုယူဆရသည့် Diamond တံဆိပ် 40 Kg စာတမ်းပါ ငုံးစာအိတ်များ ၄၈ အိတ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၅၂ သန်းအား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

Scanned with CamScanner

## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ၁၃၅၆.၉၀၅ သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ထူးခြားတားဆီး/ဖမ်းဆီးမှု







ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၂-၂-၂၀၂၀ ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ဟီးနိုး ၁၂ ဘီးယာဉ် တစ်စီးပေါ်တွင် တရားမဝင် သယ်ဆောင်လာသော ကွမ်းစားဆေး Sagar (1x10x42) 50 Pkgs ၊ Signal (1x10x30) 30 Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၁၁၈ သန်းအားစစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

Scanned with CamScanner

# ၂၀၂၀ ပြည့်နှစ် ၊ ဖေဖော်ဝါရီလအတွင်း
# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ
# တားဆီး/ဖမ်းဆီးအရေးယူမှုအခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၂ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃ | သစ်တောထွက် ပစ္စည်းများ | - | ၅ မှု | ၅ မှု | ၆.၂၃၄ သန်း |
| | စုစုပေါင်း | - | ၅ မှု | ၅ မှု | ၆.၂၃၄ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ၁-၁၀-၂၀၁၉ ရက်နေ့ မှ ၂၉-၂-၂၀၂၀ ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ၊ သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု ၁၈ မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း ၂၇.၅၄၆ သန်းအားတားဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

Scanned with CamScanner


# ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ပစ္စည်းများအား လေလံစနစ်ဖြင့်ရောင်းချခြင်း




စီမံကိန်း ၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ကားအပိုပစ္စည်းများ ၊ စက်မှုကုန်ကြမ်းပစ္စည်းများ ၊ စားသောက်ကုန် ၊ လူသုံးကုန်၊ ဖုန်းအမျိုးမျိုးနှင့် လျှပ်စစ်ပစ္စည်းများအား ၂၈-၂-၂၀၂၀ ရက်နေ့ နံနက် (၁၀:၀၀) နာရီ အချိန်တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၌ ညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင် ဥက္ကဋ္ဌအဖြစ်ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စုခုနှစ်စုအား လေလံတင်ရောင်းချခဲ့ရာ နိုင်ငံတော်ဘဏ္ဍာငွေ စုစုပေါင်းကျပ် ၅၄၈.၉ သန်းရရှိခဲ့ပါသည်။

Scanned with CamScanner


# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ



Gas Stove များ တင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 7321.11.10 ဖြစ်ပြီး အကောက်ခွန် 7.5% ကုန်သွယ်လုပ်ငန်း ခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




Amplifier Speaker များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း၊ HS Code မှာ 8518.50.90 ဖြစ်ပြီး အကောက်ခွန် 20% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ ပါသည်။




Air Cooler များ တင်သွင်းလိုပါသဖြင့် ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8479.60.00 ဖြစ်ပြီး အကောက်ခွန် 10 % ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

Scanned with CamScanner